ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**အမိန့်အမှတ် ၅၄/၂၀၂၁**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ၂၀-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/၂၀၂၀ ဖြင့် **ရန်ကုန်တိုင်းဒေသကြီး**အတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ)၊ ၂၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၀/၂၀၂၀ ဖြင့် **မန္တလေးတိုင်းဒေသကြီး၊** မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်၊ **ပဲခူးတိုင်းဒေသကြီး၊** ပဲခူးမြို့နယ်၊ **ဧရာဝတီတိုင်းဒေသကြီး၊** ပုသိမ်မြို့နယ်၊ ၁၉-၁၀-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၂၉/၂၀၂၀ ဖြင့် **ကချင်ပြည်နယ်၊** ဖားကန့်မြို့နယ်၊ ၂၆-၁၂-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၆၁/၂၀၂၀ ဖြင့် **မန္တလေးတိုင်းဒေသကြီး၊** အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့တွင် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အသီးသီးမှ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် Stay at Home အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် Stay at Home အဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့သော တိုင်းဒေသကြီးများနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှု လျော့နည်းလာခြင်း၊ တစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်းတို့ကြောင့် အထက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ပြည်သူများအနေဖြင့် ၁၀-၄-၂၀၂၁ရက်နေ့ ၀၄၀၀ နာရီအချိန်မှစ၍ မိမိနေအိမ်တွင် နေထိုင်ရန် Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။

ဒေါက်တာသက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး